“အသံ”

# တရုတ်နိုင်ငံသည် ကုလသမဂ္ဂအရေးအတွက် မဏ္ဍိုင်အဖြစ် ထောက်ခံပေးရန်ဆန္ဒရှိ

ယခုရက်ပိုင်းတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်အဖြစ် အရွေးခံသော Antonio Guterres သည် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ တရုတ်သမ္မတကြီး ရှီကျင့်ဖျင်နှင့် တွေ့ဆုံရာတွင် “တရုတ်နိုင်ငံသည် ကုလသမဂ္ဂအရေးနှင့် ဖက်ပေါင်းစုံဝါဒ၏ အရေးပါသော မဏ္ဍိုင်ကြီးဖြစ်လာပြီ”ဟု ၎င်းကတရုတ်နိုင်ငံအပေါ် ကောင်းချီးပြုသုံးသပ်ခဲ့သည်။ ၎င်းကောင်း ချီးပြုသော စကားသည် မှန်ကန်သည်။ ရှည်လျားသည့်ကာလအတွင်း အထူးသဖြင့် ယခုနှစ်ပိုင်းတွင်တရုတ်နိုင်ငံသည် ကုလသမဂ္ဂအရေးများအတွက် ထင်ရှားကျော်ကြားသော အကျိုးဆောင်မှု ပြုလုပ်ပေးခဲ့သည်မှာအမှန်ပင်ဖြစ်သည်။

တရုတ်နိုင်ငံသည် 《ကုလသမဂ္ဂပဋိညာဉ်စာချုပ်》 ၏ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို အသိတရားရှိရှိနှင့် ထိမ်းသိမ်း၊ ဆက်ခံ၊ ထွန်းကားစေခဲ့သည်။ ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်နိုင်ငံသည် 《ပဋိညာဉ်စာချုပ်》 ကိုစွဲမြဲစွာကျင့်သုံးကာကွယ်ပြီး ကုလသမဂ္ဂမှ နိုင်ငံတကာရေးရာတွင်ပါဝင်သော အခန်းကဏ္ဍကို စွဲမြဲစွာထောက်ခံအားပေးနိုင်ခဲ့သည်။ တရုတ်သမ္မတကြီး ရှီကျင့်ဖျင်သည်ပူးပေါင်းဆောင်ရွက်မှု၊ တန်းတူရည်တူ အကျိုးရရှိမှုကို အမြုတေအဖြစ်ထားသော နိုင်ငံတကာဆက်ဆံရေးစနစ်သစ်ကို တင်ပြခဲ့ပြီး ၂၀၁၅ ခုနှစ် ကုလသမဂ္ဂထိပ်သီးအစည်းအဝေး စီးရီးကျင်းပသည့်ကာလအတွင်း နိုင်ငံတကာဆက်ဆံရေး စနစ်သစ်နှင့် စပ်လျဉ်းသော အတွေးအခေါ်ကို ဘက်စုံရှင်းလင်းတင်ပြခဲ့သည်။ တန်းတူရည်တူဆက်ဆံသော၊ အပြန်အလှန် တိုင်ပင်ဆွေးနွေးသော၊ အပြန်အလှန် သက်ညှာထောက်ထားသောအပေါင်းအဖော် ဆက်ဆံမှုတည်ထောင်ရန်၊ တရားမျှတသော၊ အတူတကွထူထောင်၊ အတူတကွ ခံစားကြသော လုံခြုံရေးအခြေအနေဖန်တီးရန်၊ တံခါးဖွင့်သော၊ ဆန်းသစ်တီထွင်သော၊ အားလုံးပါဝင်သော၊ အပြန်အလှန်အကျိုးခံစားစေသော ဖွံ့ဖြိုးတိုးတက်ရေးအလားအလာဖော်ဆောင်ရန်၊ သင့်မြတ်သော်လည်း ခြားနားမှုရှိသော၊ အားလုံးသိမ်းကျုံးလက်ခံသောယဉ်ကျေးမှု ဖလှယ်ရေးတိုးမြှင့်စေရန်၊ သဘာဝကြီးကိုလေးစားလိုက်နာသော၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်သော ဂေဟစနစ်ဖန်တီးရန်၊ “အရေးငါးရပ်ကို တစ်ပါတည်းစုစည်းထား”သော လူသားကံကြမ္မာ အသိုက်အဝန်းဆိုင်ရာအထွေထွေ အခြေအနေနှင့် လမ်းကြောင်းတည်ဆောက်ရန် ရှင်းလင်းတင်ပြခဲ့သည်။ တရုတ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်အကျိုးခံစားမှုကို နိုင်ငံအချင်းချင်းဆက်ဆံရေး၏ ရန်မှန်းချက်အဖြစ် ဆောင်ရွက်သွားသည့် ပထမဆုံးသော နိုင်ငံကြီးဖြစ်လာပြီး 《ကုလသမဂ္ဂပဋိညာဉ်စာချုပ်》 ၏ ရည်ရွယ်ချက်ကို ဆက်ခံထွန်းကားခဲ့ပြီးဖြစ်သည်။

တရုတ်နိုင်ငံသည်မိမိ၏လက်တွေ့ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂအရေးများကို ထောက်ခံအားပေးခဲ့သည်။ သမ္မတကြီးရှီကျင့်ဖျင်သည် (၇၁) ကြိမ်မြောက်ကုလသမဂ္ဂညီလာခံ ပုံမှန်ဆွေးနွေးပွဲတက်ရောက်စဉ် ကမ္ဘာ့အတွက် တရုတ်နိုင်ငံ၏ ကတိပြုချက်ကိုကြေငြာခဲ့သည်။ တရုတ်နိုင်ငံသည် ဖက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှု အရေးတော်ပုံမြှင့်တင်ရေးအတွက် သက်တမ်း(၁၀)နှစ်၊ အမေရိကန်ဒေါ်လာ ၁ ဘီလီယံရှိသော တရုတ်-ကုလသမဂ္ဂ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေထူထောင်ရန် ဆုံးဖြတ်ခဲ့သည်။ တရုတ်နိုင်ငံသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုအမိန့်စောင့်ရန် စွမ်းအားစနစ်သစ်ထဲသို့ ပါဝင်မည်ဖြစ်ပြီး သမားရိုးကျငြိမ်းချမ်းရေးထိန်းသိမ်းမှုရဲတပ်ဖွဲ့ကို ဦးစွာဖွဲ့စည်းထား၍ အင်အား (၈၀၀၀)ရှိ ငြိမ်းချမ်းရေးရဲတပ်ဖွဲ့ထူထောင်ရန် ဆုံးဖြတ်ထားသည်။ တရုတ်နိုင်ငံသည်အာဖရိကနိုင်ငံများ၏ သမားရိုးကျတပ်ဖွဲ့နှင့် အရေးပေါ်တုံ့ပြန်ရန် အမြန်တပ်ဖွဲ့၏ တည်ဆောက်ရေးကို ထောက်ခံအားပေးရန်၊ လာမည့်(၅)နှစ်အတွင်း အာဖရိကသမဂ္ဂသို့ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၀၀ရှိသည့် ပြန်ဆပ်ရန်မလိုသော စစ်ရေးကူညီမှုကို ထောက်ပံ့ပေးရန် ဆုံးဖြတ်ခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မောင်းနှင်အားသစ်လောင်းပေးသည်မှာ သိသာထင်ရှားလှသည်။

တရုတ်နိုင်ငံသည် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်နှင့် တစ်ကမ္ဘာလုံးစီမံခန့်ခွဲမှုအတွက် အဆိုပြုချက်တင်သွင်းခဲ့သည်။ တရုတ်သမ္မတကြီး ရှီကျင့်ဖျင်သည်“တောင်ပိုင်း-တောင်ပိုင်း ပူးပေါင်းဆောင်ရွက်ရေး ထောက်ပံ့မှုရန်ပုံငွေ”ကို ထူထောင်၍ ဖွံ့ဖြိုးမှုအနည်းဆုံးသော နိုင်ငံများအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ပြီး အချို့သောချေးငွေများကို ကင်းလွတ်ပေးမည်ဟုကြေငြာခဲ့သည်။ တရုတ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲနှင့် 《ပဲရစ်သဘောတူညီချက်》 ၏ လက်တွေ့အကောင်အထည် ဖော်ဆောင်ရေးအတွက် တွန်းအားပေးခဲ့သည်။ ထို့ပြင် Antonio Guterres မှ ဖော်ပြထားသကဲ့သို့ တရုတ်နိုင်ငံမှ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်ကို တိုက်တွန်း၍ ထူထောင်ထားခြင်းသည်လည်း ကမ္ဘာ့ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြီးလေးလှသော အကျိုးဆောင်မှုအပြုလုပ်ပေး ခြင်းပင်ဖြစ်သည်။

တရုတ်နိုင်ငံ၏ “မဏ္ဍိုင်”ကျသော အခန်းကဏ္ဍကြောင့် Antonio Guterresသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ထမ်းဆောင်စဉ် တရုတ်နိုင်ငံမှ ၎င်းကို များစွာ ထောက်ခံအားပေးနိုင်မည်ဟု မျှော်လင့်ထားသည်။ တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခြင်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တာဝန်မထမ်းမီ Antonio Guterres၏ အရေးပါသော ခရီးစဉ်ဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ဇာတ်စင်၏ ဗဟိုချက်မသို့ လျှောက်လှမ်းနေဆဲဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၏ ပြတ်သားသောတွန်းအားပေးသူလည်းဖြစ်၊ ကုလသမဂ္ဂ၏ ရိုးဖြောင့်သော ပူးပေါင်းဆောင်ရွက်သူလည်းဖြစ်သည်။ ကုလသမဂ္ဂနှင့် တရုတ်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်ရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စည်ပင်သာယာရေးအတွက် များစွာအကျိုးပြုနိုင်သည်။ တရုတ်နိုင်ငံအနေနှင့်လည်း ကုလသမဂ္ဂအရေးများ၏ မဏ္ဍိုင်အဖြစ် ထမ်းဆောင်ရန်စိတ်ဆန္ဒရှိသည်၊ ကောင်းမွန်စွာထမ်းဆောင်နိုင်မည်ဟုယုံကြည်မိသည်။

**ဆူးရှောက်ဖွေး(စာရေးသူသည် တရုတ်အပြည်ပြည်ဆိုင်ရာ ပြဿနာရေးရာ သုတေသနအကယ်ဒမီ နိုင်ငံတကာမဟာဗျူဟာသုတေသနဌာနမှ ဒုတိယဌာနမှူးဖြစ်သည်။)**

## ကူမင်း-စစ်ဒနီလေကြောင်းလိုင်းဖွင့်လှစ်




နိုဝင်ဘာလ ၂၄ ရက်နေ့တွင် တရုတ်နိုင်ငံ Eastern Airline ယူနန်ကုမ္ပဏီလီမိတက်မှ တာဝန်ယူပြေးဆွဲသော ကူမင်း-စစ်ဒနီ လေကြောင်းလိုင်းကို တရားဝင်ဖွင့်လှစ်ခဲ့သည်။ ခရီးသည် (၂၂၇)ဦးတို့သည် စစ်ဒနီမြို့သို့ ပထမဆုံးအကြိမ်ဖွင့်လှစ်ပြေးဆွဲသော လေယာဉ်ကို စီးနင်းလိုက်ပါခဲ့ကြသည်။ ယင်းလေကြောင်းလိုင်းသည် ယူနန်မှ ဩစတြေးလျားတိုက်သို့ ပျံသန်းပြေးဆွဲသွားသည့် ပထမဦးဆုံးသော လေကြောင်းလိုင်းလည်းဖြစ်၊ ယူနန်မှ စတင်ထွက်ခွာ၍ ပြေးဆွဲသော စတုတ္ထခုမြောက် နိုင်ငံတကာလေကြောင်းလိုင်းလည်းဖြစ်သည်။

ကူမင်း-စစ်ဒနီ လေကြောင်းလိုင်းသည် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့တို့တွင် တစ်ကြိမ်စီ ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ယင်းလေကြောင်းလိုင်းအတွက် Air Bus ၃၃၀-၂၀၀ (A33E) ဇိမ်ခံတာလတ်တာဝေး လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သတင်းအရသိရသည်။

ယူနန်သည် အရေးပါသော ခရီးသွားပန်းတိုင်နေရာနှင့် ထွက်ခွာရာနေရာအဖြစ် ဩစတြေးလျားမှ များစွာသော ခရီးသည်များကို ယူနန်သို့လာရောက်လည်ပတ်ရန်၊ အပန်းဖြေရန် ဆွဲဆောင်နေသည်။ ကူမင်း-စစ်ဒနီ လေကြောင်းလိုင်း၏ ဖွင့်လှစ်ခြင်းသည် ယူနန်နှင့် ဩစတြေးလျားကြားတွင် ဆက်သွယ်ဖလှယ်စေသော ပေါင်းကူးတံတားတည်ဆောက်ပေးပြီးဒေသနှစ်ခုအကြား စီးပွားရေး၊ ယဉ်ကျေးမှု၊ ခရီးသွားရေးစသည့်ဘက်တွင် ပိုမိုပူးပေါင်းဖလှယ်ရန် အထောက်အကူပြုနိုင်သည်။ ကူမင်းကို တရုတ်အနောက်တောင်ပိုင်း၏ အချက်အချာနေရာအဖြစ် တည်ဆောက်ရေးအတွက်လည်း တွန်းအားပေးနိုင်မည်ဖြစ်သည်။

**သတင်းထောက် - ဟူရှောင်ယုံ၊ ကျူးဟဲ**